# ရေနဂါးကြီး
# နဲ့
# စွန့်စားခန်း



# An Adventure with a Water Serpent
# ရေနဂါးကြီးနဲ့ စွန့်စားခန်း

Author: Mangkonephet Sayasane
Illustrator: Mangkonephet Sayasane

Editor: လူသာမန်
Translators: ဦးဖြိုး၊ တီတီအိ-မအူပင်၊ ခေတ်ဘုန်းသစ်

MM-ABP-19-0033
Copyright © 2016 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Laos by Room to Read in 2016
First Myanmar Language Edition
ISBN – 978-99971-54-53-8

ထုတ်ဝေသူ -
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် - ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

ပုံနှိပ်သူ -
ဦးမြင့်သူ (မှတ်ပုံတင်အမှတ် - ၀၁၄၆၇)
Print City Design & Printing
No. 263, Corner of Thein Phyu Street & Maha Bandoola Road,
YMCA Building, Botahtaung Tsp, Myanmar. Tel: 09 965 000 118

MBAPF

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving quality and access to education and information services through community, public and school libraries in Myanmar (Burma).
Learn more at www.mbapf.org

Room to Read®

Room to Read ® provides technical assistance services in children's literacy and girls' education.
Learn more at www.roomtoread.org

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read Laos: No. 92, Unit 5,
Wat Ban Village, Sisattanak District,
Vientiane Capital, Laos
Phone: (856-21) 485096, 485102-3
Fax: (856-21) 341301. Box 11607

# ရေနဂါးကြီးနဲ့ စွန့်စားခန်း



တစ်နေ့တော့ ခန်းလေးဟာ ငါးမျှားရင်းနဲ့ အိပ်ပျော်သွားတယ်။
သူ ငါးစာအဖြစ် ချိတ်ထားတဲ့ ဆန်စေ့လေးတွေကို ငါးလေးတွေ
လာဟပ်တာ  စောင့်ရင်းနဲ့ပေါ့။





ရုတ်တရက်... ခန်းရဲ့
ငါးမျှားတံလေး
လှုပ်ခါသွားတယ်။ သူလည်း
ချက်ချင်း နိုးလာတယ်။
“ဟာ... ဘာကောင်များ
မိပြီလဲ မသိဘူး”





အကောင်ကြီးတစ်ကောင်ဟာ
သူ့ငါးမျှားချိတ်ကနေ လွတ်အောင် ရုန်းနေတာပဲ။







အကောင်ကြီးဟာ သူ့အားကြီးနဲ့ ငါးမျှားတံကို
ရုန်းလိုက် ကန်လိုက် လုပ်နေတာမို့ ခန်းလည်း ရေထဲကို
ဝုန်းခနဲ ပြုတ်ကျသွားတော့တယ်။

အကောင်ကြီးက သူ့ကို ပင်လယ်အောက်ထဲထိ ဆွဲခေါ်သွားတယ်။
ခန်း သိလိုက်ရတာကတော့ အကောင်ကြီးဟာ ရေနဂါး
အကြီးစားကြီး ဖြစ်နေတယ်ဆိုတာပဲ။





ပင်လယ်ရေအောက်ထဲမှာ
နေတဲ့ အကောင်မျိုးစုံကို ခန်း
တွေ့လိုက်ရတယ်။





ဒီလိုနဲ့ ရေနဂါးကြီး
ဆွဲခေါ်ရာနောက်ကို ခန်းလည်း
ကူးခတ်ရင်း ပါသွားတယ်။

ရေနဂါးကြီးက ခန်းကို ကျောက်တုံးကြီးတစ်တုံး ရှိရာဆီ ခေါ်သွားပြီး “ငါ့ဥတွေ ဒီကျောက်တုံးအောက်မှာ ပိတ်မိနေတယ်” လို့ ပြောလိုက်တယ်။



ခန်းက ကျောက်တုံးကြီးကို ဆက်တိုက် တွန်းတယ်။ ဒါပေမယ့် ကျောက်တုံးကြီးက လေးလွန်းလို့ နည်းနည်းလေးတောင် မရွေ့ဘူး။



ခန်းက ရုတ်တရက်
အကြံတစ်ခု ရလိုက်တယ်။ ဒါနဲ့
သူ့ပခုံးပေါ်က ဆန်အိတ်ကို
ဖွင့်လိုက်တယ်။

အနားမှာရှိတဲ့ ပင်လယ်ရေသတ္တဝါတွေက ဆန်တွေ
စားချင်လို့ ခန်းဆီကို ကူးလာကြတယ်။
အဲဒီရေသတ္တဝါတွေကို ကျောက်တုံးအောက်က ဥတွေကို
ဖယ်ပေးဖို့ ခန်းက အကူအညီ တောင်းလိုက်တယ်။





ရေသတ္တဝါတွေ အားလုံးကလည်း ကူညီပေးဖို့ သဘောတူ
ကြတယ်။ ဒါကြောင့် ကျောက်တုံးကြီးဆီကို သူတို့
အတူတူ သွားကြတယ်။



ကျောက်တုံးကြီးဆီကို သူတို့ရောက်တော့ ရှိသမျှ
အားကုန်သုံးပြီး ကျောက်တုံးကြီးကို ဝိုင်းတွန်းကြတယ်။



အားလုံး အတူတူ အားစိုက်တွန်းလိုက်တော့ ကျောက်တုံးကြီး
ရွေ့သွားခဲ့တယ်။ ကျောက်တုံးကြီး အောက်မှာတော့
ရေနဂါးကြီးရဲ့ သိပ်အဖိုးတန်တဲ့ဥကြီး ရှိနေတယ်။





ခန်းက ဥကြီးကို အသာဆွဲယူလိုက်တယ်။



အဲဒီအချိန်မှာပဲ ဥကြီးဟာ
တဒက်ဒက်နဲ့ လှုပ်ခါပြီး တုန်လာတယ်။
“ဟာ ဘာဖြစ်တာပါလိမ့်”

ဥထဲကနေ ရေနဂါးပေါက်စလေးတစ်ကောင် ထွက်လာတာပါ။
သူ့ကို ဘေးလွတ်ရာဆီ ပို့နိုင်ခဲ့ကြပြီ။



ရေနဂါးကြီးက သိပ်ကို ပျော်သွားတယ်။ ဒါကို
မြင်လိုက်ကြရတဲ့ ခန်းနဲ့ တခြားရေသတ္တဝါတွေလည်း
ကြည်နူးသွားကြတယ်။

JJ



စိတ်လှုပ်ရှားရလွန်းလို့ နောက်ဆုံးမှာ ခန်းဟာ ပင်ပန်းပြီး
အိပ်ပျော်သွားခဲ့တယ်။

ရေနဂါးကြီးက ခန်းကို ကျောပေါ်တင်ပြီး
ပြန်ပို့ပေးတယ်။



ခန်း နိုးလာတော့ မြစ်ကမ်းဘေးကို ပြန်ရောက်နေပြီ။
သူ့ပုံးအလွတ်ထဲမှာ ငါးတွေအပြည့်ဖြစ်နေတယ်။
ဒါအိပ်မက်လား၊ တကယ်လား။

သရုပ်ဖော် ရေးသားသူ -



Mangkonephet Sayaane သည် ၁၉၉၂ တွင် Vientiane ၌ မွေးဖွားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် National Institute of Laos မှ ကွန်ပျူတာသိပ္ပံဘွဲ့ ရရှိခဲ့သည်။ သူသည် အလွတ်တန်း သရုပ်ဖော်ရေးဆွဲသူ ဖြစ်ပြီး သရုပ်ဖော်ရေးဆွဲရာတွင် ဆုများစွာကို ရရှိပိုင်ဆိုင်ထားသူလည်း ဖြစ်သည်။ သူသည် Room to Read လာအို မှ ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် သရုပ်ဖော်ရေးသားသူများ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ဖူးသည်။

Khan catches a water snake! In this underwater adventure, Khan meets strange creatures, makes new friends and even manages to save the day.

ခန်းဟာ ရေနဂါးကြီးတစ်ကောင်ကို ဖမ်းမိခဲ့တယ်။ ဒီ
ရေအောက်စွန့်စားခန်းထဲမှာ ခန်းက ထူးဆန်းတဲ့ ရေသတ္တဝါတွေနဲ့
တွေ့ခဲ့ရတယ်။ ရေနဂါးပေါက်စလေးတစ်ကောင်ကိုလည်း
ကယ်တင်နိုင်ခဲ့သေးတယ်။

